တည်ပင်ပေါ်ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တည်ပင်ပေါ်ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တည်ပင်ပေါ်ကျေးရွာ
ပင်းတယမြို့နယ်

တည်ပင်ပေါ်ကျေးရွာ
မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြဓမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈

၆	ပညာရေး	၈,၉
၇	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၉
၈	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၉,၁၀
၉	ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ	၁၀
၁၀	ဦးစားဒ၌ေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄



၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်အောင်ပန်း-ပင်းတယကားလမ်းမပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးဆိုင်ရာ ပင်းတယမြို့နှင့်ဆက်သွယ်သွားလာရာလွယ်ကူပါသည်ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီးအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ကျေးရွာသည်တောင်တန်း၊ တောတောင်၊မြစ်ချောင်းများမရှိပဲမြေပြင်အနေအထားမှာမြေပြန်ဖြစ်သည်။တောင်ယာမြေများသည်စပါး၊အာလူး၊ကော်ဖီထုတ်လုပ်ရန်နှင့်အသက်မွေးဝမ်းကျောင်းရန်အတွက်အဓိကအားထားရာဖြစ်သည်။ ၂၀၁၅ခုနှစ်ဧပြီလပင်းတယမြို့တောင်ပိုင်းဒေသတွင် လေပြင်းမုန်တိုင်းမိုးသီးများသည်အများအပြားကျရောက်ခဲ့ပြီး ဒုက္ခရောက်ခဲ့ရသည်။ ကျေးရွာအချို့တွင် ထိခိုက်ပျက်စီး ဆုံးမှုများခံစားခဲ့ရသော်လည်း ဤကျေးရွာမှကင်းလွတ်ခဲသည်။ လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန်ဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာတွင်သဘာဝသယံဇာတမထွက်ရှိပါ။ အဝီစီရေတွင်းတူးဖော်ရာတွင် လည်းထွက်ရေမရရှိပေ။
ကျေးရွာသည်သုံးဆယ်ရေလှောင်တမံမရရှိပေ။တောင်ယာလုပ်ငန်းကိုအဓိကစိုက်ပျိုးကြသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၁၅၉) ဧကရှိပြီး စပါး၊ အာလူး၊ကော်ဖီကိုအဓိကစိုက်ပျိုးကြသည်။ စိုက်ပျိုးရန်နွားချေး၊ဓာတ်မြေဩဇာများကိုအသုံးပြုရသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

အိမ်ထောင်စုပေါင်း (၉၄)စုနှင့်ကျား(၂၁၆)၊ မ(၂၀၀)ဦးဖြင့်လူဦးရေပေါင်း(၄၁၆)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် တောင်ရိုးလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင်စပါးနှင့်အာလူး၊ကော်ဖီအဓိကထားစိုက်ပျိုးကြသည်။မိုးစပါးအဓိကစိုက်ပျိုးကြပြီးဧက(၇၂)ဧကစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှ(၁)ဧကအထွက်နှုန်းမှာ (၇)တင်းနှုန်းထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ဆောင်မှုများ ရရှိနိုင်ပြီး

စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက်ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် တောင်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားသည်။ တောင်သူများမှာ အလုပ်သမား ရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုမှ ဆောင်လွဲနိုင်ရန် စပါးစိုက်ရာတွင်အဓိကကြဲပက်စနစ်ကို ကျင့်သုံးကြသည်။ တောင်သူများသည်တခါတစ်ရံတွင်မိုးရွာသွန်းမှုမညီမျှမှု နှင့်ရင်ဆိုင်ရတတ်သည်။ စပါးစိုက်ပျိုးရာတွင် ဖျတ်ပိုးများကျရောက်မှုကိုပိုမိုတွေ့ရပြီး ယင်းဖျတ်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျတ်ပိုးနှိမ်းနှင့်ရေးနည်းစနစ်ကို လိုလားနေကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်မွေးမြူရေးကိုအဓိကထားအသက်မွေးဝမ်းကျောင်းပြုမှုမရှိပါ။တစ်အိမ်လျှင်ပျမ်းမျှအားဖြင့်နွားနှစ်ကောင်နှုန်းမွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းပိုင်း ဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် အရင်းအနှီးချေးငွေကို အလွယ်တကူ မရနိုင်ကြချေ။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းအတွက် အားနည်းလျက်ရှိသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာတွင် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များဖြစ်သည်။ အခြားလုပ်ငန်းများမှာနေ့စားအလုပ်များဖြစ်သည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလုပ်တွက်ချေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။
လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှုနည်းပါးပါသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေများပြားပြီးထိုအခြေအနေမှာကျေးရွာ၏အလားအ လာကောင်းတစ်ရပ်ဖြစ်သည်.မြို့ပေါ်တွင်သက်မွေးဝမ်းကျောင်းအချို့ကိုဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ စားပွဲထိုး၊ ဆံပင်အလှပြင် ၊မုန်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ ကားမောင်း ၊ဝပ်လျော့စသည်တို့သည် သက်မွေးဝမ်းကျောင်းဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်များကို အထိအတွေ့နည်းပါးကြသည်။

လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင် လည်းအနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူးထောင်ရန်လည်းမတတ်နိုင်ချေ။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်တောင်သူများသည်မြန်မာ့လယ်ဘာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ကျပ်တိုး၊တစ်ဇက တစ်သိန်းကျပ်နှုန်းအများဆုံးဆယ်ဇက အတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင်မြန်မာငွေရေးကြေးရေအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေးသော မြန်မာငွေရေးကြေးရေးဖွဲ့ ဖွဲ့စည်းထားပြီး တစ်နှစ်အတိုးနှုန်း ၃၀%ဖြင့်အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ အဖွဲ့တွင်ချေးငွေကို ချေးယူနိုင်ပြီးစည်းကမ်းပိုင်းတွင်တင်းကျပ်ထားသည်။ ကျေးရွာတွင် သမဝါယမ အသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပါ။

ကျေးရွာတွင်ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ(ရိက္ခာ ၊ကျန်းမာရေး၊ပညာရေး၊အလုပ်အကိုင်)စသည်တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူပြီး ကျေးရွာတွင် အကြွေးတင်ထားမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြသည်. အကြွေးငွေမှာ ၃သိန်းမှ၅၅သိန်းအထိချေးယူထားကြောင်းတွေ့ရှိရသည်။

၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် စက်ဘီး၊ မော်တော်ဆိုင်ကယ် နှင့်ထော်လာကျီ စသည်တို့ဖြင့် အဓိကထားအသုံးပြုကြသည်။ ကျေးရွာရှိလမ်းမှာ ကျောက်ခဲလမ်းဖြစ်ပြီး ထော်လာကျီများကိုသာ အသုံးပြုမောင်းနင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး(၁)စီး၊ ဆိုင်ကယ်(၆၃)စီး နှင့် ထော်လာကျီ(၆)စီး၊နွားလှည်း(၇၉)စီး ဖြင့် အသုံးပြုနေကြပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ် လာသည်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးဆက်သွယ်အသုံးပြုမှုကို ယခုအချိန်ထိမရရှိနိုင်ခဲ့သေးပေ။ နေရောင်ခြည် ဆိုလာမီးဖြင့် သာ အိမ်ထောင်စု၏ သုံးပုံနှစ်ပုံခန့်မျှ အသုံးပြုနိုင်ကြပေသည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်မွန်ပြီး အခြားသော ဗဟုသုတ သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင်

မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုရေးဝန်ဆောင်မှု လုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ ကျေးရွာ၏ အနာဂတ်ကြယ်ပွင့်လေးများအနေဖြင့် စာကြည့်တိုက်နှင့် စာအုပ်အလှူရှင်များ ပေါ်ထွန်းလာရေး အတွက် မျှော်လင်းကြိုးပမ်းလျက်ရှိပေသည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကို လည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်းတွေ့ရသည်။

(ဃ) ပညာရေး

ကျေးရွာတွင် မူလတန်းကိုသွပ်မိုး၊အုတ်ကာ၊နံရံကာနှင့်အင်္ဂတေအခင်းကျောက်ဆောင်နှင့် တွင်သင်ကြားပေးသည်။ရွာသားအားလုံးမှာရေးတတ်၊ဖတ်တတ်၊ကြပြီးလူဦးရေအားလုံး၏(၇.၁၁)ရာခိုင်နှုန်းမှာဘုန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။မူလတန်းအောင်ရာခိုင်နှုန်းလည်းမြင့်မားသည်။ယခုနှစ်ကျောင်းအပ်နှံသည်နှုန်းထားသည်ကျေးရွာမူလတန်းအရွယ်နှင့်အလယ်တန်းအရွယ်ရှိသူ အရေအတွက်ပိုနေကြောင်းတွေ့ရှိရကာဎင်းမှာမူလတန်းတွင်၉နှစ်အလယ်တန်းတွင်၁၄နှစ်ထက်ကြီး သောကျောင်းသားများပါရှိခြင်းတို့ကြောင့်ဖြစ်သည်။ကျောင်းတွင်ပရိဘောဂတို့လုံလောက်သော်လည်းစာရေးခုံလိုအပ်ချက်ရှိနေပါသည်။မူလတန်းပြဆရာ/မဖဦးရှိကြသည်။ကျောင်းတွင်စာဖတ်အချိုး၊ ဆရာအချိုးလည်းမူလတန်းတွင်ရှိသဖြင့်ကျောင်းဆရာ/မအင်အားလုံလောက်မှုရှိသည်။လွန်ခဲ့သော ကျောင်းဖွင့်ရာသီတွင်မူလတန်းကျောင်းသား/ကျောင်းသူများအတွက်ပြဋ္ဌာန်းစာအုတ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကိုအခမဲ့ပံ့ပိုးပေးခဲ့သည်။သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း များနည်းပါးဆဲဖြစ်သည်။

၇။ ကျန်းမာရေး၊ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မိခင်နှင့်ကလေးငယ်အများစုလည်း ကျန်းမာကြ သည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်း ရေရှိနိုင်ကြပြီး ကား၊ ထော်လာကျီ ၊ ဆိုင်ကယ်လမ်းများဖြင့် အလွယ်တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံ ဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းများကို အုတ်ဖြင့်ဆောက်လုပ်ထားပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့်ဆောက်လုပ် သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင်းဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်း အိမ်သာတွင်လည်း စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/ကျောင်းသူများအတွက် အသုံးပြုရန် လွယ်ကူသည်။

၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်ကော်ဖီခင်းများတွင်ဖျတ်ပိုးများကျရောက်တတ်ခြင်းကြောင့်ပိုးသတ်ဆေးနှင့်ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်
ဘဏ်စုံပိုးမွှားနိမ်နှင်းရေးအစားဓာတုပိုးသတ်ဆေးကိုသာအသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လဲ ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာ ပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ပင်းတယမြို့တောင်ပိုင်းတွင်
၂၀၁၅မိုးတွင်းကာလကလေပြင်းမုန်တိုင်းတိုက်ခက်၊မိုးသည်ထန်စွာရွာသွန်းမှုဖြစ်ပါးခဲ့သော်လည်းဤကျေးရွာမှာကင်းလွတ်ခဲ့သည်။မုန်တိုင်းဝင်ရောက်လျှင်မိုးအဆက်မပြတ်ရွာခြင်းတို့နှင့်လေပြင်းတိုက်ခတ်မှုတို့တခါတရံကြုံတွေ့ရတတ်သည်။တခါအားလျော်စွာကျရောက်တတ်သောကြောင့်မိုးခေါင်ခြင်းကသဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။တည်ပင်ပေါ် ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် - ကျားကုန်း		ကျေးရွာအမည် - တည်ပင်ပေါ်	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ကျန်းမာရေး	အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် အခြေပြု၊ လူထု အခြေပြု ကျန်းမာရေး ဝန်ဆောင်မှု	ကျေးလက်ဆေးပေးခန်း(၃၆'×၂၅'×၁၂')	
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကွန်ကရစ်တံတား(၂)စင်း(၂'×၁၆'×၁၈×၄')	
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	တည်ပင်(ပေါ်)-တည်ပင်(အောက်)လမ်းကျောက်ခြောခင်းခြင်း(၂၄၀၀ပေ)	
၄	ကျေးလက်ရေပေးဝေရေး	သောက်သုံးရေ	သောက်သုံးရေကန်ဘောင်ကျောက်စီခြင်း(၂၃၀'×၂'×၈')	
၅	စိုက်ပျိုးရေး နည်းပညာ	နည်းပညာ	မျိုးကောင်းမျိုးသန့်(အာလူး၊ကော်ဖီ)	
၆	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	စာသင်ခုံ(၃)ယောက်ခုံ(၁၀)စုံ	

နောက်ဆက်တွဲ(၁)

တည်ပင်ပေါ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း							
စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးကျော်စိန်	ဦးဖိုးမှတ်	၁၃/ပတယ(နိုင်)၀၂၃၆၃၆	၄၇	ဥက္ကဋ္ဌ	၀၉-၇၈၂၁၇၆၂၉၂	
၂	ဦးစိုးသိန်း	ဦးစံညိမ်း	၁၃/ပတယ(နိုင်)၀၆၁၇၀၀	၃၇	အတွင်းရေးမှူး(၁)	၀၉-၇၈၆၁၁၇၈၉၀	
၃	ဦးထွန်းမြိုင်	ဦးစံအေး	၁၃/ပတယ(နိုင်)၀၃၀၄၃၆	၄၁	အတွင်းရေးမှူး(၂)	၀၉-၇၈၄၆၅၂၈၃၃	
၄	ဦးအောင်ဆန်းဦး	ဦးအောင်မိုး		၁၆	စာရင်းကိုင်		
၅	ဦးမိုးကျော်	ဦးမောင်ကီးဆွေ	၁၃/ပတယ(နိုင်)၀၆၉၂၈၆	၂၀	စာရင်းစစ်		

၆	ဦးချစ်ဦး	ဦးဝမ်း	၁၃/ပတယ(နိုင်)၀၂၆၈၈၄	၅၄	ဘဏ္ဍာရေးမှူး		
၇	ဒေါ်မိုးခိုင်	ဦးထွန်းမောင်	၁၃/ပတယ(နိုင်)၀၃၈၉၈၅	၃၅	သော့ကိုင်		
၈	ဒေါ်အုန်းမြိုင်	ဦးထွေး	၁၃/ပတယ(နိုင်)၀၃၈၉၈၃	၃၆	အဖွဲ့ဝင်		
၉	ဒေါ်မင်္ဂေး	ဦးစအေး	၁၃/ပတယ(နိုင်)၀၆၁၆၇၀	၃၇	အဖွဲ့ဝင်		
၁၀	ဦးစံညိမ်း	ဦးမင်း	၁၃/ပတယ(နိုင်)၀၂၀၅၅၈	၆၆	အဖွဲ့ဝင်		
၁၁	ဦးဆွေသီး	ဦးမင်း	၁၃/ပတယ(နိုင်)၀၂၀၄၂၈	၆၁	။		
၁၂	ဦးထွန်းမောင်		၁၃/ပတယ(နိုင်)၀၂၆၉၀၁	၅၆	။		
၁၃	ဦးမောင်ဝင်း	ဦးဖိုးချို	၁၃/ပတယ(နိုင်)၀၂၆၆၈၄	၄၄	။		

ဖွံ့ဖြိုးရေးဗျူတည်ဆောက်မှုအခြေပြဇယား (တည်ပင်ပေါ်)ကျေးရွာ

နောက်ဆက်တွဲ(၃)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေနေကောင်းများ	အဟန့်တားနှင့်စိန်ခေါ်မှု	ဖြေရှင်းမှုနည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
၁	ကျောင်းသွားချိန်မိုးရွာ ေလျှင်ကျောင်းမသွာ ရခြင်းရေမကျမခြင်း မည်သည့်အရာမှဖြတ် သန်းမသွားရခြင်း	တံတားမရှိခြင်း လမ်းပေါ်ရေကျော်ဖ ရေစီးကြမ်းခြင်း	သဲ၊ လုပ်အား		ကျေးလက်ဦးစီးဌာနသို့တ ပြ၍အကူအညီတောင်းခံမ ။	ရွာတွင်းလမ်းပေါ်ရှိ ကွန်ကရစ်တံတားတည် ဆောက်ခြင်း(၂)စင်း(၁၆ပေ ၁၈ပေ၄ပေ)
၂	စာသင်ကျောင်းသည့်) ရွာအလယ်တွင်ရှိ၍က ောင်းသားသူများသွ	ရွာချင်းဆက်လမ်းမ မြေသားလမ်းဖြစ် ခြင်း	သဲ၊ လုပ်အား		ကျေးလက်ဦးစီးဌာနသို့တ ပြ၍အကူအညီတောင်းခံမ ။	တည်ပဇ်ပေါ်)- တည်ပဇ်အောက်) လမ်းကျောက်ချောခင်းခြင်း ၅၀၀ပေ)
၃	သူငယ်တန်းကျောင်း ားများထိုင်ရန်ခုံမရှိ ခြင်း	စာသင်ခုံမလုံလော က်ခြင်း ကျိုးပဲ့ပျက်စီးခြင်း			သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆက်သွယ်မည	စာသင်ခုံ(၃)ယောက်ခုံ(၁၀)စုံ
၄	ဖျားနာချိန်တွင်အဝေ သွားရ၍ ကျန်းမာရေးပညာရေး ောင့်နှေးခြင်း	ကျန်းမာရေး ဆေးပေးခန်းမရှိခြင်			သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆက်သွယ်မည	ဆေးပေးခန်း(၃ဖြပေ ၂၅ပေ ၁၂ပေ)
၅	ရေလျော့ချိန်တွင်ဆင် ခပ်၍မရခြင်း သောက်သုံးရေမဖူလုံ ခြင်း	ရေကန်ဘောင်စီထာ မှုမရှိခြင်း	သဲ၊ လုပ်အား		ကျေးလက်ဦးစီးဌာနသို့တ ပြမည်။	သောက်သုံးရေကန်ဘောင်ရ ောက်စီခြင်း(၂)၃၀ပေ ၂၅ပေ ၈ပေ)
၆	အထွက်နှုန်းနဲ့ စျေးကွက်မဝင်	မျိုးကောင်းမျိုးသန့် ရှိခြင်း			သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆက်သွယ်မည	မျိုးကောင်းမျိုးသန့်ခွာလူး၊ ကော်ဖီ)

တည်ပင်ပေါ်ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျေးလက်ဆေးပေးခန်း(၃၆'×၂၅'×၁၂')	၁		□	□		
၂	ကွန်ကရစ်တံတား(၂)စင်း(၂'×၁၆'×၁၈×၄')	၂	□	□			
၃	တည်ပင်(ပေါ်)- တည်ပင်(အောက်)လမ်းကျောက်ချောခင်းခြင်း(၂၄၀၀ပေ)	၃			□	□	
၄	သောက်သုံးရေကန်ဘောင်ကျောက်စီခြင်း(၂၃၀'×၂'×၈')	၄	□	□			
၅	မျိုးကောင်းမျိုးသန့်(အာလူးကော်ဖီ)	၅	□	□			
၆	စာသင်ခုံ(၃)ယောက်ခုံ(၁၀)စုံ	၆		□	□		
